# ထေရဝါဒဗုဒ္ဓဒေသနာနှင့်
# ဝိပဿနာပြန့်ပွားရေးအသင်း



**NEW APPROACH TO BUDDHA DESANA**

ဗုဒ္ဓဒေသနာကို စနစ်သစ်နည်းဖြင့် လေ့လာခြင်း

စာစဉ်(၈)

# ကမ္မဿကတာ သမ္မာဒိဋ္ဌိ

၂၀၀၆-ခုနှစ်၊ မတ်လ ၂၉-ရက်
ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဓမ္မာရုံလမ်းတွင်
ဟောကြားသောတရားတော်


## ဦးဌေးအောင်

(မဟာသဒ္ဓမ္မဇောတိကဓဇ)

ပဓာနနာယက၊ ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း
တွဲဖက်ဌာနမှူး (ငြိမ်း)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး

# ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့်လေ့လာခြင်း

## တာစဉ် - ၈

## ကမ္မသကတာသမ္မာဒိဋ္ဌိ

၂၀၀၆ ခုနှစ်၊ မတ်လ ၂၉ ရက်
ရန်ကုန်မြို့ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်းတွင်
ဟောကြားသောတရားတော်


# ဦးဌေးအောင်

(မဟာသဒ္ဓမ္မဇောတိကဓဇ)
ထေရဝါဒဗုဒ္ဓဒေသနာနှင့်ဝိပဿနာပြန့်ပွားရေးအသင်း
တွဲဖက်ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

# ကမ္မဿကတာ သမ္မာဒိဋ္ဌိ

တရားများ လေ့လာကြ၊ အားထုတ်ကြနှင့်နေတော့ ဒီကိစ္စတွေမှာ အခု တရားဆိုသော သဘာဝ၊ အဲဒီသဘာဝရဲ့အကြောင်းကို လေ့လာတာကိုပဲ တရားလို့ခေါ်ပါတယ်။ သဘာဝအကြောင်းကို လေ့လာတော့ လေ့လာသောလူတွေလည်းပဲ မိမိတို့ လက်လှမ်းမှီသလောက် ဒီပတ်ဝန်းကျင်ရဲ့အကြောင်း၊ ဒီလောကကြီးရဲ့အကြောင်း၊ သဘာဝရဲ့အကြောင်းကို လေ့လာကြပါတယ်။ ဒီလို လေ့လာကြတဲ့အခါကျတော့ သူ့အပိုင်းနဲ့ သူ့ကဏ္ဍလောက်ပဲ သိနိုင်တာပါ။

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား - မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဒေသနာဆိုတာဟာ အများဆုံးအပိုင်းက ပညာပိုင်းပါ။ ပညာဆိုတဲ့အတိုင်း ဘုရား၊ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်ကို ရသော ပုဂ္ဂိုလ်များ၏အရာ ဖြစ်ပါတယ်။ သာမန်လူတို့ တွေ့ရှိသိမြင်ထားသော ပညာရပ်များထက် ပိုလွန်တဲ့ အကြောင်းအရာတွေကို သဘာဝနှင့်တကွ သေသေချာချာ သိနားလည်တာပါ။ အဲဒီလို သိနားလည်ပြီးမှ ဟောပြတဲ့တရားတော် ဖြစ်ပါတယ်။

သမ္မာသမ္ဗုဒ္ဓ ဟောကြားတော်မူသော တရားများ၊ ဓမ္မဒေသနာများနှင့် ကြုံကြိုက်ဖို့ ဓမ္မဒေသနာများကို နားလည်အောင်၊ သဘောပေါက်အောင် သင်ယူနိုင်ဖို့ အခွင့်အရေးဟာ အလွန်ခဲယဉ်းပါတယ်။ ဒီအခွင့်အရေးမျိုးကိုရဖို့ အလွန်ခဲယဉ်းတယ်ဆိုတာ သိဖို့ပါ။ ဒေသနာများကိုသင်ရလို့ သင်ယူရတဲ့အခါကျတော့လည်း ဘုရားရှင်ကိုယ်တော်တိုင်က ဒီသာမန်

လူတို့ နားလည်နိုင်၊ သဘောပေါက်နိုင်တဲ့ အဆင့်လောက်ကိုပဲ ဟောပြတာပါ။ အဲဒီလို ဟောပြတဲ့ တရားတော်များ၏ နယ်ကလည်းပဲ သာမန်လူတို့ နားလည်ဖို့အဆင့်လောက်မှာကို အလွန်ကျယ်ဝန်းပါတယ်။ အလွန်လည်း နက်နဲပါတယ်။ သိမ်မွေ့တယ်။

ဒါဟာ သာမန်လူတို့ဘက်က မြင်ရတာပါ။ သမ္မာသမ္ဗုဒ္ဓကတော့ နားလည်နိုင်ရုံလောက်ပဲ ရှင်းပြပါတယ်။ အဲဒီသဘောတွေကို နှလုံးသွင်းတတ်၊ ဆင်ခြင်တတ်မှ တရားတော်ဆိုတာဟာ မိမိ၏ဉာဏ်နှင့် ဆင်ခြင်နိုင်၊ သုံးသပ်စဉ်းစားနိုင်မှ သဘောပေါက်တယ်၊ နားလည်တယ်။ အဲဒီသဘောပေါက် နားလည်တယ်ဆိုတဲ့ အချက်ပေါ်မှာ မှီပြီးတော့မှ မိမိရဲ့ဉာဏ်လည်း တက်လာပါတယ်။

ဓမ္မတရားများကို သင်ယူ၍ သဘောပေါက် နားလည်သော အဆင့်အလိုက် ဉာဏ်ကလည်းပဲ ထွန်းပေါက်ပါတယ်။ ဉာဏ်၏နယ်ကလည်းပဲ အဲဒီ နားလည်သလောက် ကျယ်ဝန်းလာပါတယ်။ အဲဒီလို ကျယ်ဝန်းလာတဲ့နယ်ထဲမှာပဲ ဒီဉာဏ်က ဓမ္မဒေသနာမှာပါတဲ့ ပညာများကို မသင်ဖူးမီက သိတဲ့အသိမျိုးနှင့် သင်ကြားလေ့လာပြီးမှ ရရှိတဲ့အသိမျိုးဟာ အလွန်ကွာခြားသွားပါတယ်။ အဲဒီလို အလွန်ကွာခြားတယ်ဆိုတာလည်းပဲ ဒီပညာတွေကို အဟုတ်သိမြင်လာမှ ကွာခြားမှန်း သိပါတယ်။ အဲဒီမှာ အလင်းရောင်ခေါ်တဲ့ ပညာအလင်း ရလာတယ်။ ပညာအလင်း ရလာတဲ့အခါကျတော့မှ လောကကို ဖြန့်ကျက်ပြီးတော့ သဘာဝတရားများ၏ အနေအထားများ၊ လောကမှာရှိနေတဲ့ သဘာဝတရားများ၏ အနေအထားများကို ကြည့်တတ်၊ မြင်တတ်လာပါတယ်။ အဲဒီလို ကြည့်

နိုင်၊ မြင်နိုင်တဲ့စွမ်းအားမှာ သဘာဝတရားတို့၏သဘောကို အခြေခံနဲ့ တကွ သိနားလည်ပြီးတော့ ဒါတွေဟာ ဒီသဘောတွေပါလားလို့ သိလာ၊ မြင်လာတဲ့အခါကျတော့ အမြင်က မှန်လာတယ်။ သဘာဝ၏ အကြောင်း ကို မသိခင်ကထက် သိလာတဲ့အခါ ကွာခြားသွားတယ်။ ဒီကွာခြားချက်က ဘုရားရှင်ပေးသော ဉာဏ်ပညာကိုရလို့ ကွာခြားသွားတာပါ။

ဒီလို ကွာခြားသွားတော့ အမြင်မှန်ဆိုတဲ့ စကားလုံး၊ အမြင်မှန်နဲ့ တွဲပြီးတော့ အယူမှန်လို့လည်း သုံးပါတယ်။ အမြင်ပေါ်မှာ တည်ပြီးတော့ မိမိ၏အယူများလည်း တည်ဆောက်လာတယ်။ အဲဒီတော့ အမြင်မှန်၊ အယူမှန် ရှိလာတယ်။ အမြင်မှန်၊ အယူမှန်တို့သည် ဘုရားရှင်ပေးသော ပညာများကို စနစ်တကျ သင်ယူဖူးသောအခါ ပညာအပေါ်မှာ အခြေ တည်၍ မိမိ၏ဉာဏ်ကို သုံးခြင်းကြောင့် အမြင်မှန်များ ရလာတယ်။ အ မြင်မှန်နှင့် အယူမှန် တွဲပြီး ရရှိလာပါတယ်။ ဒီလို အမြင်မှန် အယူမှန် ရရှိလာတဲ့ အခြေအနေကို ပါဠိစကားဖြင့် သမ္မာဒိဋ္ဌိ၊ အမြင်မှန် အယူမှန် ရလာတာကို သမ္မာဒိဋ္ဌိဉာဏ်ပညာ ခေါ်ပါတယ်။

အဲဒီ ဉာဏ်ပညာမျိုးကို ရလာတဲ့အခါ သမ္မာဒိဋ္ဌိဆိုတဲ့ စကားလုံး ကို ထပ်ပြီးတော့ ပိုင်းခြားဆင်ခြင်တဲ့ ပညာလည်း ရှိပါတယ်။ အခြေခံ အားဖြင့် 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ'။ ဒါကတစ်ဆင့်၊ ဆိုလိုတာက ကံသည် သာလျှင် မိမိ၏အစွမ်း၊ ကံ၏အစွမ်းသာလျှင် အဓိက၊ ကံစွမ်းအားနှင့် သတ္တဝါတို့ သံသရာခရီးကို သွားနေရတယ်ဆိုတဲ့ အဓိပ္ပာယ်။ အဲဒီဟာကို 'ကမ္မဿကတာ သမ္မာဒိဋ္ဌိ' (ကံနှင့် ပတ်သက်သော (ဝါ) ကံစွမ်းအားနှင့် ပတ်သက်သောအမြင်မှန် ဖြစ်ပါသည်။) ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတဲ့

အဆင့်ကိုရောက်ဖို့ အလွန်ခက်ပါတယ်။

အဲဒီကတစ်ဆင့် မြင့်တက်လာတဲ့အခါကျတော့ 'ဝိပဿနာ သမ္မာဒိဋ္ဌိ'။ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာဟာ ရုပ်တရားများ၊ နာမ်တရားများ၊ ရုပ်နာမ်တို့ဖြင့် ဖွဲ့စည်းထားသော ခန္ဓာများ၊ ဒီခန္ဓာတွေဟာ အမြဲတမ်း လုပ်ငန်းတွေ လုပ်နေရတဲ့ သင်္ခါရသဘာဝများ၊ အဲဒီသဘာဝတွေထဲမှာ ဆင်ခြင်လိုက်တဲ့အခါကျတော့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ မပိုင်တဲ့သဘော၊ ဒီလက္ခဏာတွေ ထင်ထင်ရှားရှား သိလာတဲ့အခါကျတော့ 'ဝိပဿနာသမ္မာဒိဋ္ဌိ' ရပါတယ်။ အဲဒီ ဝိပဿနာသမ္မာဒိဋ္ဌိပေါ်မှာ အခြေခံပြီးတော့မှ ဝိပဿနာဉာဏ်အားတွေ တိုးသည်ထက် တိုးလာအောင် အားထုတ်တဲ့ ယောဂီက နောက်ထပ်တစ်ဆင့် 'မဂ္ဂဖလသမ္မာဒိဋ္ဌိ' ဆိုတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ အမှန်အတိုင်း ထိုးထွင်းသိမြင်သော သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

သမ္မာဒိဋ္ဌိအဆင့်ကို ခွဲကြည့်တော့ ၃-ဆင့် ရှိပါတယ်။ တစ်ခုက ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ တစ်ခုက ဝိပဿနာသမ္မာဒိဋ္ဌိ၊ တစ်ခုက မဂ္ဂဖလသမ္မာဒိဋ္ဌိ။ သူ့အဆင့်နှင့်သူ သမ္မာဒိဋ္ဌိအဆင့်ကို ခွဲခြမ်း၍သိဖို့ပါ။

ပထမဦးဆုံးအဆင့်ဖြစ်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိ၏ အဓိပ္ပာယ်ကိုပဲ မိမိတို့ သဘောပေါက်ဖို့၊ နားလည်ဖို့ အလွန်လိုပါတယ်။ သိမ်မွေ့လည်း သိမ်မွေ့တယ်။ နက်နဲလည်း နက်နဲတယ်။ အဲဒီမှာ ကမ္မဆိုတာနှင့် ကမ္မသတ္တိ။

ကမ္မဆိုတာ အလုပ်တွေ။ နှုတ်နှင့်လုပ်သော အလုပ်၊ ကိုယ်နှင့်လုပ်သောအလုပ်၊ စိတ်နှင့်လုပ်သော အလုပ်။ အဲဒီအလုပ် ၃-မျိုးကို

အလုပ်များလုပ်တဲ့အခါ အလုပ်လုပ်ခြင်းကြောင့် ထွက်ပေါ်လာသော 'စွမ်းအား'။ အလုပ်ကို ကမ္မ၊ ထွက်ပေါ်လာသော စွမ်းအားကို သတ္တိ၊ နှစ်ခုပေါင်းတော့ 'ကမ္မသတ္တိ'။ 'ကံစွမ်းအား'ပါ။ ဒီကံစွမ်းအားဆိုသည့် စကားလုံး၏အဓိပ္ပာယ်ကို ဉာဏ်ကရောက်အောင် စဉ်းစားနိုင်ဖို့ အရေးကြီးပါတယ်။ အလုပ်လုပ်တိုင်း စွမ်းအားတွေ ထွက်တယ်ဆိုတဲ့ သဘောကို သိမှပါ။ အလုပ်လုပ်တဲ့အခါ စွမ်းအားတွေ ထွက်လာလျှင် ဒီစွမ်းအားတွေဟာ လွယ်လွယ်နှင့် ပျောက်ကွယ်သွားမည့် စွမ်းအားမျိုးမဟုတ်။ ထွက်လာတဲ့ စွမ်းအားများဟာ သူတို့ စုဝေးပြီးနေတဲ့သဘော ရှိပါတယ်။

ကံစွမ်းအားတို့၊ ကမ္မသတ္တိတို့ဟာ စုဝေးပြီးနေတယ်။ စုဝေးနေတာကို ယခုခေတ်စကားနှင့်ဆိုရင် Accumulation လို့ ခေါ်တယ်။ အဲဒါကို ပါဠိလို 'အာယူဟန'။ သူတို့ဟာ ထွက်ပေါ်လာပြီးရင် စုဝေးနေတယ်။ အဲဒီ စုဝေးနေတဲ့သဘော ရှိတယ်ဆိုတာကို သိရမယ်။ ကံစွမ်းအားများဟာ စုဝေးတဲ့သဘော Accumulation ရှိတယ်။ အဲဒီ အာယူဟနခေါ်တဲ့ စုဝေးမှုသဘောသည် ကမ္မများကိုပြုသော ခန္ဓာငါးပါးမှာပဲ စုဝေးနေပါတယ်။ ကံစွမ်းအားများသည် ကမ္မများကို ထုတ်လုပ်သော ကံအလုပ်တွေကို လုပ်သော ခန္ဓာ(၅)ပါးမှာပဲ သူတို့ စုဝေးနေပါတယ်။ ဒီသဘောကို ဉာဏ်ကရောက်အောင်ဆင်ခြင်မှ ပညာဉာဏ်က သိပါတယ်။ အဲဒီတော့ ပြုသမျှသော အလုပ်မှာ သေချာကြည့်ပါ။ အလုပ်မှာ ရုပ်စွမ်းအားလည်း ရှိတယ်။ စိတ်စွမ်းအားလည်း ရှိတယ်။ ရုပ်စွမ်းအား၊ စိတ်စွမ်းအား ၂-ခုနှင့် အလုပ်တွေ လုပ်နေတာပါ။

အခု စကားပြောတယ်ဆိုတာ ဝစီကမ္မပါ။ ဝစီကမ္မဆိုသော အသံ

များ ထွက်ပေါ်လာအောင် 'ရုပ်စွမ်းအား'၊ အဲဒီ ရုပ်စွမ်းအားကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးနေတာက နာမ်စွမ်းအားပါ။ ဒီတော့ ဝစီကမ္မဖြစ်အောင် ဆောင်ရွက်တဲ့နေရာမှာ နာမ်စွမ်းအားနှင့် ရုပ်စွမ်းအားတို့ ၂-ခု ဆောင်ရွက်ခြင်းကြောင့် ဝစီကမ္မ ဖြစ်ပေါ်လာတယ်။ ဝစီကမ္မ ဖြစ်ပေါ်လာတော့ ကမ္မသတ္တိ ထွက်ပေါ်လာပါတယ်။ အဲဒီ ကမ္မသတ္တိတွေက ဒီ ခန္ဓာငါးပါးမှာ ဝန်းရံပြီးတော့ စုဝေးနေပါတယ်။

အဲဒီသဘောအတိုင်းပါပဲ။ ကာယကံမှုတွေ ပြုသမျှလည်း ကာယကံမှု ပြုဖို့အတွက် ရုပ်စွမ်းအား၊ ကာယကံမှုကို ဆောင်ရွက်ပေးနေတဲ့ နာမ်စွမ်းအား၊ နာမ်စွမ်းအားနှင့် ရုပ်စွမ်းအားတို့ နှစ်ခုဆောင်ရွက်မှ ကံစွမ်းအားတွေ ထွက်ပေါ်လာတယ်။ ကံတွေ ပြီးမြောက်တယ်။ ကံတွေ ဖြစ်မြောက်တယ်။ (ပါဠိလို 'ကမ္မပထ'မြောက်တယ်။) အဲဒီသဘောတွေကို ဆင်ခြင်တတ်ဖို့ လိုပါတယ်။

ဦးဆောင်ပေးနေတာက မနောကမ္မ ပါ။ မနောကမ္မဆိုတာ စိတ်အလုပ်ပါ။ မနောကမ္မက ဦးဆောင်ပြီးတော့ အလုပ်တွေဖော်ပြ၊ သူက အကုန်လုံး ဆောင်ရွက်ပေးတာ။ မနောကမ္မ ဆောင်ရွက်တဲ့အတိုင်း ဝစီကမ္မတွေ ထွက်ပေါ်လာတယ်။ ကာယကမ္မတွေ ထွက်ပေါ်လာတယ်။ ထွက်ပေါ်သမျှသော၊ လုပ်သမျှသော ကာယကံမှု၊ ဝစီကံမှုတွေသည် မနောကံ ဦးဆောင်တယ်။ အဲဒီကံတွေ လုပ်တိုင်း၊ လုပ်တိုင်း ကမ္မပထမြောက်လျှင်ပဲ စွမ်းအားတွေ ထွက်ပေါ်လာတယ်။ ထွက်ပေါ်လာသော ကံစွမ်းအားတို့သည် အလဟဿ ပျောက်ကွယ်သွားခြင်း မရှိပါ။ ဒီခန္ဓာငါးပါးအထဲမှာ စုဝေးနေပါတယ်။ ကံကိုပြုလုပ်သော ခန္ဓာငါးပါးမှာ ကံ

စွမ်းအားများ စုဝေးနေတယ်။ အဲဒီသဘာဝတွေကို ဉာဏ်က ရောက်အောင် စဉ်းစားဆင်ခြင်တတ်ဖို့ပါ။

စေတနာက ထိန်းထားပေးတာကို သိရပါမယ်။ ဒါဟာ ပညာရပ်တစ်ခုပါ။ ဒီပညာရပ်ဟာ အခြားအခြားသော ပညာရပ်များထက် ပိုလွန်တယ်၊ နက်နဲတယ်။ သိမ်မွေ့တယ်။ အခုခေတ်မှာ ထွန်းကားနေတဲ့ သိပ္ပံပညာတွေဟာ ဒီလိုပဲ သဘာဝတွေကို အကြောင်းအကျိုးဆက်စပ်ပြီး သင်ကြားထားတာ တွေ့ရမှာပါ။

ရုပ်သဘာဝတို့၏ စွမ်းအားများ၊ ရုပ်သဘာဝတို့၏ အလုပ်များကို သာလျှင် အဓိကထား၍ ဖြေရှင်းပြနိုင်ပါတယ်။ အဲဒီပညာရပ်တွေမှာပါတဲ့ သဘာဝတရားတွေထဲမှာ ရုပ်၏စွမ်းအားတွေ ပါတယ်။ ရုပ်၏ စွမ်းအားများမှာ စွမ်းအားတို့၏ လုပ်ငန်းသဘော ပါတယ်။ အဲဒီ သဘောတရားတွေကို စနစ်တကျလေ့လာဖူးသော ပုဂ္ဂိုလ်များဟာ အဲဒီအခြေခံပညာများကိုသုံး၍ ဘုရားရှင်၏ ဒေသနာမှာပါသော ကံစွမ်းအားဆိုသော အလုပ်သဘော (၃)မျိုး၏ သဘောသဘာဝနှင့် စွမ်းအားတို့အကြောင်းကို လေ့လာနိုင်ပါတယ်။ အဲဒီသဘောကို သေသေချာချာဉာဏ်က ရောက်အောင် စဉ်းစားဖို့လိုပါတယ်။

အလုပ်ဆိုသော အလုပ်၊ အဲဒီအလုပ်မှာ အခု လူတွေ သေသေချာချာ မိမိတို့ကိုယ်တိုင်လုပ်နေတဲ့ အလုပ်တွေပါ။ အခု ထပ်တလဲလဲပေးနေတဲ့ ဥပမာ- ကိုယ်ကိုယ်တိုင် မော်တော်ကားမောင်းတယ်။ မော်တော်ကားမောင်းတယ်ဆိုတာ အလုပ်လုပ်တာပါ။ ဒီစက်က အလုပ်လုပ်မှ အလုပ်ဖြစ်တာပါ။ ဒီအလုပ်ဖြစ်တယ်ဆိုတာ ‘ကမ္မပထ’မြောက်တာပါ။

အလုပ်ဖြစ်မှ မော်တော်ကားကြီးက သွားတာပါ။ သွားမှ ကမ္မပထမြောက်တယ်။

ကားကြီးမောင်းနေသောအခါ အဲဒီ မောင်းနေသောကားကို ဂီယာဖြုတ်၊ ဂီယာဖြုတ်လိုက်တဲ့အခါ လည်နေတဲ့စက်အားနှင့် တစ်ခြားစီဖြစ်သွားတယ်။ အဲဒီစက်အားကို ရပ်လိုက်၊ ပိတ်လိုက်ပါ။ စက်လည်းပိတ်သွားပြီ၊ ဂီယာလည်း ဖြုတ်ထားပြီ။ ဒါပေမယ့် ဒီကားကြီးဟာ ဆက်၍ သွားနေတာကို တွေ့ရပါမယ်။ သူ့ကိုတွန်းတဲ့ စက်စွမ်းအား မရှိသော်ငြားလည်းပဲ သူ့မှာ အရှိန်ရှိနေတာ တွေ့မှာပါ။ ခေတ်အခေါ် Momentum ရှိနေတယ်။ အဲဒီအရှိန်က မူလက သွားခဲ့သော ကား၏စွမ်းအားပါ။ အဲဒီ စွမ်းအားကို 'သတ္တိ'ခေါ်ပါတယ်။

မော်တော်ကားကြီးဟာ တစ်နာရီ မိုင်-၄၀ သွားနေတာ ဘာလုပ်တာတုန်း။ ကမ္မပထမြောက်အောင် စက်တွေက အလုပ်လုပ်နေတာ။ အဲဒီစက်တွေက ရပ်လိုက်စေကာမူ သူ့မှာရှိနေတဲ့ "Accquired Momentum" အရှိန်သတ္တိ၊ ('သတ္တိ'စွမ်းအားကြောင့် ရှိနေသော စွမ်းအားကို ပြောတာပါ။) အဲဒီစွမ်းအား အဟုတ်တကယ်ရှိလို့ ဒီမော်တော်ကားကြီးဟာ လိမ့်နေတာပါ။ အဲဒီသဘောကို ဉာဏ်ကရောက်အောင် စဉ်းစားပါ။

နည်းနည်းလေး တစ်ဆင့်တက်ပြီးတော့ စဉ်းစားနိုင်တယ်။ မော်တော်ကားကြီး မိုင်-၄၀ လောက် သွားနေတော့ စက်ပိတ်ထားပေမယ့်လို့ မော်တော်ကားက သွားတယ်။ သို့သော် ခဏနေတော့ သူရပ်ရတယ်။ ဘာဖြစ်လို့ ရပ်ရတုန်း။ သူနှင့် မျက်နှာချင်းဆိုင် မော်တော်ကားကြီးကို တွန်းနေတဲ့'လေထု'က ရှိနေတယ်။ အဲဒီလေထုက တွန်းတဲ့အပိုင်း။ မော်

တော်ကားတာယာနှင့် မြေနှင့် ထိနေခြင်းကြောင့် ထွက်ပေါ်လာတဲ့ "Friction" ပွတ်တိုက်မှု ရှိတယ်။ အဲဒီနှစ်ခုက ဘာလုပ်ပေးနေတာတုန်း။ မော်တော်ကားကြီးရဲ့ ပြေးနေသောအရှိန်ကို လျော့စေတယ်။

အဲဒီသဘောနှင့်အတူတူ အာကာသထဲမှသွားနေတဲ့ ယာဉ်ကိုကြည့်။ အာကာသထဲမှာ သွားနေတဲ့ယာဉ်ဟာ လေထုရဲ့အထက်ကို ရောက်သွားတော့ လေမရှိတော့ဘူး။ လေမရှိသော အာကာသထဲမှာ သွားနေတော့ အဲဒီယာဉ်ကို ရပ်အောင်တွန်းပေးမယ့် လေအား မရှိပါ။ မရှိတော့ သူရထားတဲ့အရှိန်က မလျော့ဘူး။ အဲဒီသဘောကို ဆင်ခြင်ကြည့်ပါ။ ပြီးတော့ မြေကြီးလို ပွတ်စရာမရှိ။ "Friction" လည်း မရှိ။ "Resistance" ဆန့်ကျင်ဘက် တွန်းကန်အားလည်း မရှိပါ။ မရှိတော့ အာကာသယာဉ်ကြီးဟာ ဆက်၍ဆက်၍ သွားနေတယ်။

"Inertial Momentum" လို့ခေါ်တဲ့ ပထမသွားနေသော "Rocket" ခေါ်တဲ့ တွန်းအားစက်ကြီးက သူ့ကို တွန်းပေးလိုက်တာကြောင့် တစ်နာရီ မိုင်တစ်သောင်းဆိုရင်လည်း သူက တစ်သောင်းနှုန်းနှင့် အာကာသထဲကို သွားနေတာပါ။ သွားနေတော့ သူဟာ ဆန့်ကျင်ဘက်တွန်းအားများ မရှိခြင်း၊ Friction ခေါ်တဲ့ ပွတ်အားများ မရှိခြင်းကြောင့် အဲဒီ အာကာသယာဉ်ဟာ စဉ်ဆက်မပြတ် သွားနေပါတယ်။

ဒီတွန်းလိုက်တဲ့ဟာက 'ကမ္မ'၊ သွားနေတဲ့ဟာက 'အရှိန်'၊ အရှိန်က မလျော့ဘူး။ ဘာလို့မလျော့တာလဲ။ ဆန့်ကျင်ဘက် လေကလည်း မရှိ၊ တွန်းတဲ့ ပွတ်တိုက်မှု friction ကလည်း မရှိလို့ သွားနေတာ။

ဒီသဘောနဲ့ 'ကမ္မသတ္တိ'နဲ့ တူပါတယ်။ အာကာသယာဉ်မှာ ရှိနေ

သော 'စွမ်းအား'ဟာ မရပ်မနား သွားနေသလို၊ အဲဒီလိုပဲ ကမ္မသတ္တိလည်း မရပ်မနား ဒီခန္ဓာငါးပါးနှင့် လိုက်နေတာပါ။ အလုပ် နောက်ထပ်တစ်ခု လုပ်ရမှ ကုန်ဆုံးတယ်။ အဲဒီ ကံစွမ်းအားက အလုပ်မလုပ်ရမချင်း မကုန်ပါ။

'ကံစွမ်းအားက အလုပ်မလုပ်ရမချင်း မကုန်ဘူး။ အလုပ်လုပ်ရမှ ကုန်တယ်။' အဲဒီသဘော၊ အဲဒီ ဥပဒေသကို ဉာဏ်ကရောက်အောင် စဉ်းစားပါ။ အာကာသယာဉ်များ ရပ်တယ်ဆိုတာ ဘယ်အချိန်ကျမှ ရပ်တုန်း။ လေထုထဲ ပြန်ပြီးဝင်လာမှ လေထုကတွန်းလို့ အရှိန်က လျော့လာတာ။ အလုပ်လုပ်ရလို့ အရှိန်လျော့တာ။ အဲဒီသဘောမှာ 'စွမ်းအား'တို့၏သဘောသည် အလုပ်မလုပ်ရသေးသမျှ ကာလပတ်လုံး သူ့မှာ စွမ်းအားက ရှိနေတာပါ။ အလုပ်လုပ်လို့ရမှ စွမ်းအားက ကုန်သွားတာ။ အဲဒီသဘောလိုပဲ၊ ကံဆိုသောအလုပ်ကို လုပ်လိုက်တဲ့အခါ အဲဒီအလုပ်ကြောင့် ထွက်ပေါ်လာတဲ့ 'စွမ်းအား'။ အဲဒီစွမ်းအားဟာ နောက်ထပ် သူက အလုပ်မလုပ်ရသေးရင် မကုန်ဘူး။ သူကိုယ်တိုင်က အလုပ်လုပ်ရမှ သူ၏စွမ်းအားက ကုန်သွားတာ။ ကံစွမ်းအားက နောက်ထပ် အလုပ်မလုပ်ရသေးသမျှ ကာလပတ်လုံး မကုန်ပါ။ သူက ခန္ဓာငါးပါးမှာ နေတာ။ စုဝေးနေတာပါ။

ဒီတော့ ခန္ဓာငါးပါးဆိုတဲ့ ရုပ်နာမ်(၂)ပါးအပြင် 'ကံစွမ်းအား' ရှိပါတယ်။ အဲဒီသဘောကို ဉာဏ်ကမြင်မှ ကံစွမ်းအားရှိနေတာ သဘောပေါက်တယ်။

သတ္တဝါလို့ခေါ်ရတဲ့ ပညတ်၊ သတ္တဝါဆိုတာ လူသတ္တဝါ၊ တိရစ္ဆာန်

သတ္တဝါ၊ နတ်၊ ပြဟ္မာဆိုတဲ့ သတ္တဝါတိုင်း သူတို့မှာ ရုပ်နာမ်နှစ်ပါးရှိတယ်။ ခန္ဓာငါးပါး ရှိတယ်။ သူတို့ရဲ့ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးမှာ 'ကမ္မသတ္တိ' အဆောက်အအုံကြီးက ဝန်းရံထားတာပါ။ အဲဒီကမ္မသတ္တိ အဆောက် အအုံထဲမှာရှိတဲ့ ကံစွမ်းအားတွေက အလုပ်မလုပ်ရသေးသမျှ မကုန်ဘူး။ အလုပ်လုပ်ရမှ ကုန်သွားတယ်။ အဲဒီသဘောကို ဉာဏ်ကရောက်အောင် စဉ်းစားပါ။ အဲဒီတော့ ကမ္မသတ္တိ အဆောက်အအုံကြီး ရှိမှန်းကိုသိမှ ကံ၏သဘောကို နားလည်တာပါ။ ကမ္မသတ္တိ အဆောက်အအုံကြီး ရှိတယ်။ စွမ်းအားတို့၏သဘောဟာ ဒီခန္ဓာငါးပါးမှာပဲ ဝန်းရံနေတယ်။ ဒါကို ဥပမာပေးရလျှင် သံမဏိတုံး။

ရိုးရိုးသံမဏိတုံးဟာ တွန်းအား၊ ဆွဲအား မရှိဘူး။ သူ့မှာ သံလိုက် စွမ်းအား မရှိလို့။ သို့သော် အခြား သံလိုက်ဆွဲအားရှိတဲ့ သံလိုက်တုံးနှင့် သံလိုက်ဓာတ် သွင်းပေးလိုက်တဲ့အခါ သံလိုက်ဓာတ်အား ရသွားသော သံမဏိတုံး ဖြစ်သွားတယ်။ အဲဒီသံမဏိတုံးရဲ့ ပတ်ဝန်းကျင်မှာ Magnetic field ခေါ်တဲ့ သံလိုက်စွမ်းအားက ပေါ်လာတယ်။ အဲဒီ သံလိုက်စွမ်း အားဟာ ဒီသံတုံး ဘယ်ယူသွားသွား သံလိုက်စွမ်းအားဟာ လိုက်ပါနေ တယ်။ အဲဒီသဘောလိုပဲ ခန္ဓာငါးပါး ရှိနေသေးသမျှ ကမ္မသတ္တိစွမ်းအား တွေ ဝန်းရံနေတယ်။ ခန္ဓာငါးပါး ဘယ်သွားသွား သူက အမြဲတမ်းပါနေ ပါတယ်။

ဒါဟာ စွမ်းအားရဲ့သဘောကို ပြတာပါ။ စွမ်းအားဆိုတာဟာ ရုပ်စွမ်းအားလည်း ရှိတယ်။ နာမ်စွမ်းအားလည်း ရှိတယ်။ အခုပြောတဲ့ စွမ်းအားက ရုပ်နာမ်နှစ်ပါးတို့၏ ပူးတွဲ၍ ကမ္မပထမြောက်အောင် အလုပ်

လုပ်သော ကမ္မ။ ကမ္မကြောင့် ထွက်ပေါ်လာသော ကမ္မသတ္တိ။ အဲဒီသတ္တိကို 'ကံစွမ်းအား'လို့ ခေါ်ပါတယ်။ အဲဒီသဘောတွေကို သေသေချာချာနားလည်မှ၊ အဲဒီလို သဘောပေါက်တော့ 'ကံ'၏သဘောကို ပိုင်းပိုင်းခြားခြား မြင်လာတယ်။ မိမိပြောသမျှသော ဝစီကံမှု၊ လုပ်သမျှသော ကာယကံမှု၊ ဆင်ခြင်တွေးတောတဲ့ မနောကံမှု၊ ဒီ ကမ္မပထမြောက်သော အလုပ်(၃)ပါးစလုံး 'ကမ္မသတ္တိ'တွေ ထွက်တယ်။ ဒီကံစွမ်းအား 'ကမ္မသတ္တိ'တွေဟာ ခန္ဓာငါးပါးမှာ အမြဲတမ်း ဝန်းရံနေတယ်။ ဒီတော့ သူတို့ဟာ အမြဲတမ်း 'တိုးတက်'နေတာ။ စကားပြောတိုင်း၊ အလုပ်လုပ်တိုင်း 'ကံစွမ်းအား'တွေ ထွက်တယ်။ ထွက်တဲ့ ကံစွမ်းအားတွေက ခန္ဓာငါးပါးမှာ ဝန်းရံနေတယ်။ အဲဒီတော့ သူတို့ရဲ့ အဆောက်အအုံဟာ အမြဲတမ်း ကြီးထွားနေတယ်။ သူတို့က ဒီစွမ်းအားတွေကို အသုံးပြုနေတယ်။ ကံစွမ်းအားတွေကြောင့် ခန္ဓာငါးပါးက ဘဝအသစ်ဇာတိကို ဖြစ်ပေါ်စေတယ်။

ကံစွမ်းအားတွေရဲ့ အသုံးပြုပုံ သဘောသဘာဝကိုလည်း သိမှ ဖြစ်ပါမယ်။ ဒီအဆောက်အအုံကြီးဖြစ်သော နာနက္ခဏိက ကမ္မအဆောက်အအုံထဲမှာ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဆိုသော ကံ (၃)ပါးတို့ ပြုလုပ်တိုင်း စွမ်းအားတွေ ထွက်နေတယ်။ သို့သော် သူတို့ကလည်း ထပ်ပြီး ဆက်ပြီး ပြုလုပ်နေတယ်။ အသုံးပြုတယ်။

အဲဒီမှာ အထူးခြားဆုံးအချက်က အထင်ရှားဆုံး ဥပမာနဲ့ ပြန်ပြောရရင် ဟောဒီ ကံအဆောက်အအုံကြီးနှင့် ခန္ဓာငါးပါး အဆောက်အအုံကြီး (၂)ခု၊ သေချာကြည့်ပါ။ ခန္ဓာငါးပါး အဆောက်အအုံက ဘဝတစ်ခုမှာ နောက်ဆုံးပိတ်အချိန် 'သေခြင်းတရား'၊ 'စုတိ'အချိန်ကို ရောက်သော

အခါ ရုပ်အဖွဲ့ရော၊ နာမ်အဖွဲ့ရော နှစ်ခုစလုံး ရပ်ကြတယ်။ ချုပ်ငြိမ်းကြတယ်။ အဲဒီ ရုပ်နာမ်နှစ်ပါး ချုပ်ငြိမ်းသော်လည်းပဲ သူတို့ တည်ဆောက်ခဲ့တဲ့ ကမ္မသတ္တိ အဆောက်အအုံကြီးက မချုပ်ငြိမ်းနိုင်ပါ။

အဲဒီ ကမ္မသတ္တိ အဆောက်အအုံကြီးက ချုပ်ငြိမ်းမသွားတဲ့အပြင် သူက ချက်ချင်း ဒီရုပ်နာမ်(၂)ပါးတို့ကဲ့သို့ သဘောတူသော ရုပ်နာမ် နှစ်ပါးတို့ရှိတဲ့ ဗီဇ-ရုပ်ဗီဇ၊ နာမ်ဗီဇအသစ်နှစ်ခုကို တည်ဆောက်ပေးပြန်တယ်။ အဲဒီအချက်မှာ သေသေချာချာမြင်အောင်ကြည့်။ ကံစွမ်းအားရှိသလောက် ရုပ်ဗီဇ၊ နာမ်ဗီဇ အသစ်ကို တည်ပေးတာပါ။

ဘဝမှာ အတိတ်ဘဝ၊ အတိတ်ဘဝကရှိသော ရုပ်နာမ်ခန္ဓာတို့ ချုပ်ငြိမ်းသွားတယ်။ ချုပ်ငြိမ်းသွားပြီးတာနဲ့ တစ်ပြိုင်နက် ပစ္စုပ္ပန်ဘဝကို တည်လိုက်တယ်။ တည်လိုက်တဲအခါ အဲဒါကို ပဋိသန္ဓေလို့လည်း ခေါ်တယ်။ နောက်တစ်နည်းက ဇာတိလို့လည်းခေါ်တယ်။ ဇာတိဖြစ်စေ၊ ပဋိသန္ဓေဖြစ်စေ ကံစွမ်းအားက ရုပ်နာမ်နှစ်ပါးတို့၏ ဗီဇကို တည်လိုက်တာပါ။ တည်လိုက်တော့ ဇာတိကို ရတာနဲ့တစ်ပြိုင်နက် ဗီဇ၏ နိယာမအတိုင်း အလုပ်တွေ ဆက်လုပ်တာပါ။ ဒီ အလုပ်တွေလုပ်တော့ ဗီဇ၏နိယာမ ခေါ်တဲ့ ဥပဒေသ Law ။ အဲဒီမှာ ရုပ်ခန္ဓာဟာ ရုပ်ခန္ဓာ၏ ဥပဒေသ။ အဲဒါကို ခုခေတ်စကားနှင့်ပြောတော့ မနုဿဗေဒနိယာမ Human Genetic Law ။

ဒီ Genetic Law က ရုပ်ခန္ဓာနှင့် ပြောနေတာ။ အဓိကက နာမ်ခန္ဓာလည်း ပါတယ်။ ဒီ နာမ်ခန္ဓာမှာလည်း သူ့ဥပဒေသဖြစ်သော ဗီဇ နိယာမအတိုင်း သူလည်း ဆက်ပြီးတော့ အလုပ်တွေလုပ်ပါတယ်။ အဲဒီ

သဘောကို မြင်မှ 'ကမ္မသတ္တိ'အစွမ်းကို သိတာပါ။

ကမ္မသတ္တိအစွမ်း၊ ဘဝအသစ်အသစ်ကို တည်ပေးနိုင်သော အစွမ်း အလွန်ကြီးကျယ်တယ်။ အဲဒါကို ကြီးကျယ်မှန်းမသိပါ။ အဲဒီမှာ အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ ဆက်နေတာ။ ဆက်အောင် ကမ္မစွမ်းအား၊ ကမ္မသတ္တိက ပေးနေတာပါ။ အဲဒီ ကမ္မသတ္တိဆိုတဲ့ အဆောက်အအုံကြီးကလည်း ကာယကမ္မ၊ ဝစီကမ္မ၊ မနောကမ္မတွေကို ခန္ဓာငါးပါးတွေက ထပ်လုပ်တာပါ။ လုပ်တဲ့အခါ နာနက္ခဏိက အဆောက်အအုံကြီးက အားတွေ ပြည့်သထက်ပြည့်နေတာ။ သို့သော် သူအလုပ်လုပ်တဲ့နေရာမှာ ရုပ်အသစ်၊ နာမ်အသစ်၊ ရုပ်ဗီဇ၊ နာမ်ဗီဇဆိုတာ အထင်အရှား ရှိလာတာပါ။

အတိတ်ကရှိခဲ့တဲ့ ရုပ်ခန္ဓာ၊ အတိတ်ကရရှိခဲ့တဲ့ နာမ်ခန္ဓာနှင့် ဘာမှမဆိုင်ပါ။ 'ရုပ်အသစ်၊ နာမ်အသစ်'ကို ကံစွမ်းအားက လုပ်လိုက်တာ။ အဲဒီလို အသစ်အသစ်လုပ်ပေးတဲ့ ကံစွမ်းအားမျိုး၊ ရုပ်အသစ်၊ နာမ်အသစ်၊ ရုပ်ဗီဇအသစ်၊ နာမ်ဗီဇအသစ်များကို လုပ်ပေးတဲ့ ကံမျိုးကို 'ဇနကကံ' ခေါ်တယ်။ ရုပ်အသစ်၊ နာမ်အသစ်ဖြစ်အောင် လုပ်ပေးသော ကံစွမ်းအားများကို 'ဇနက ကမ္မသတ္တိ'။ အဲဒါ သူ့နာမည်နှင့် သူ့အလုပ် ခွဲပေးတာ။ အဲဒီမှာ သေသေချာချာ ဉာဏ်ကရောက်အောင် စဉ်းစားဖို့ အချက် ပါလာတယ်။

ဒီလို ဘဝကို တည်ပေးလိုက်လို့ ဇာတိဆိုဟာရတော့ ဒီရုပ်နာမ် နှစ်ပါးနှင့်သွားတဲ့ စက်ကြီးက ဆက်ပြီးတော့လည်ပြန်တယ်။ ဒီဘဝစက် လည်တဲ့ကိစ္စမှာ ဒီကံစွမ်းအားက ဒီရုပ်ဗီဇ၊ နာမ်ဗီဇလေး တည်ပေးရုံနဲ့ သူက မပြီးဘူး။ ဒီကံစွမ်းအားက ဆက်လက်ပြီးတော့ ထောက်ပံ့နေတယ်။

ထောက်ပံ့တယ်ဆိုတဲ့သဘောမှာ အဓိကအကျဆုံးက ကံစွမ်းအား၏ အထောက်အပံ့ကြောင့် နာမ်ဓာတ်အသစ်အသစ်တွေ ဖြစ်နေတယ်။ အဲဒါ သေချာနားလည်အောင် စဉ်းစားပါ။ 'ကမ္မသတ္တိစွမ်းအားကြောင့် နာမ် ဓာတ်တွေ အသစ်အသစ် ဖြစ်နေတယ်။'

ကံစွမ်းအားကြောင့် ဖြစ်ပေါ်လာသော နာမ်ဓာတ်၊ 'ကံစွမ်းအား' သည် အကြောင်းတရား၊ အသစ်ဖြစ်လာသော 'နာမ်ဓာတ်'သည် အကျိုး တရား။ အဲဒီ အကျိုးတရားဆိုတဲ့ စကားလုံးကို ပါဠိလို 'ဝိပါက'။ နာမ်ဓာတ် ကို ဝိညာဏဓာတု။ 'ဝိပါကဝိညာဏဓာတု' ခေါ်တယ်။

ဝိပါကဝိညာဏဓာတုဟာ 'ဇနက' ကံစွမ်းအားနှင့် လာတာပါ။ ဇနကကံစွမ်းအားက နာမ်အသစ်၊ နာမ်ဓာတ်အသစ် တည်ပေးတာပါ။ ဒီတော့ 'ကံနှင့်နာမ်'နှင့် ဆက်နေတာပါ။ ကံက 'ဇနကကံ၊ ဖြစ်ပေါ်လာ တာက 'ဝိပါကဝိညာဏ်'။ အဲဒီသဘောကို ဉာဏ်ကရောက်အောင် စဉ်းစားမှ ကံစွမ်းအားရှိနေသမျှ ဝိညာဏဓာတ်တွေက ဖြစ်နေတာ။ ဒီလို နာမ်ဓာတ်တွေက ဆက်၍ဆက်၍ ဖြစ်လာအောင် ဒီကံစွမ်းအားတွေက ထောက်ပံ့ပေးနေတာပါ။

ပြောနေသမျှ စကားလုံးတွေကို ကြားနေတဲ့အခါ ဖြစ်တဲ့စိတ်ကို 'သောတဝိညာဏ်' ခေါ်တယ်။ ဒီသောတဝိညာဏ်ထဲမှာ ပါနေတဲ့ ဝိညာ ဏဟာ 'ကမ္မသတ္တိ'အားနှင့် ကြားစိတ်ကလေး ဖြစ်ရတာပါ။ ကြားစိတ် လေးကို 'ဝိပါကဝိညာဏ်'၊ ဝိပါကဝိညာဏ်ဟာ အသံဓာတ်ကို အသိ ဓာတ်၊ အကြားဓာတ်ဖြစ်အောင် လုပ်ပေးတဲ့စွမ်းအား ပါတယ်။ သူက ဇနက ကမ္မသတ္တိအားနှင့် ကြားစိတ်ဖြစ်တယ်။ ကံစွမ်းအား ဘယ်လောက်

အရေးကြီးတယ်ဆိုတာ သိရပါတယ်။ ဒီထဲမှာပါတဲ့ စိတ်ကလေး 'သောတ ဝိညာဏ်စိတ်'၊ သောတဝိညာဏ်စိတ်ဟာ ဝိပါကဝိညာဏ်၊ ဝိပါက ဝိညာဏဓာတု။ ဒါဟာ ဇနကကံစွမ်းအားနှင့် လာတာပါ။

ဒီလို သောတဝိညာဏ်သာလျှင် ဖြစ်စေတာမဟုတ်၊ မျက်စိလေး နှစ်လုံး ဖွင့်လိုက်လို့ မြင်နေတာဟာ 'စက္ခုဝိညာဏ်၊ စက္ခုဝိညာဏ်ဆိုတာ လည်း ဝိပါကဝိညာဏ်ပါ။ သောတဝိညာဏ်ကဲ့သို့ သူလည်းပဲ ဝိပါက ဝိညာဏ်ပါ။ စက္ခုပသာဒမှာဖြစ်တော့ မြင်ကိစ္စ ဆောင်ရွက်တယ်။ သို့သော် အဲဒီ စက္ခုဝိညာဏ်လေးသည် ဇနကကံစွမ်းအားနဲ့လာလို့ စက္ခုဝိညာဏ် ဖြစ်တယ်။ ဇနကကံစွမ်းအားက သောတဝိညာဏ်လည်း ဖြစ်တယ်။

ဒါတင်မ ခန္ဓာကိုယ်မှာ ဖြစ်ပေါ်လာသော အတွေ့အထိ၊ အတွေ့ အထိကိုသိတာ ကာယဝိညာဏ်စိတ်။ သူလည်း ဝိပါကဝိညာဏ်စိတ်။ ထို့အတူပဲ အနံ့ဖြစ်တဲ့ ဃာနဝိညာဏ်စိတ်၊ လျှာမှာဖြစ်တဲ့ ဇိဝှာဝိညာဏ် စိတ်၊ အဲဒီ ဝိညာဏဓာတ်တွေဟာ 'ကမ္မသတ္တိ'နဲ့ ဆက်နေပါတယ်။ သူ့ကို 'ဇနကကံ'လို့ ခေါ်တယ်။

ဒီ ဇနကကံတွေ ဒီလိုလုပ်နေတာ Accumulation of the Kammic Energy စွမ်းအားတွေ စုပုံနေတာပါ။ အဲဒီ နာနက္ခဏိက ကမ္မအ ဆောက်အအုံကြီးကို ကာယကံ၊ ဝစီကံ၊ မနောကံတွေက ဖြည့်ပေးနေ သလောက် ဒီဘက်ကလည်း အသစ်အသစ်ဖြစ်သော နာမ်ဓာတ်တွေ ဖြစ်ပေါ်နေတာကို စဉ်းစားဆင်ခြင်ပါ။

အသုံးအနှုန်းက နာမ်ဓာတ်ကိုတော့ ဝိပါကဝိညာဏဓာတု ခေါ် တယ်။ ကံစွမ်းအားကြောင့် ဖြစ်ပေါ်သောနာမ်၊ သို့သော် ရုပ်ကျတော့

ဝိပါကလို့ မခေါ်ပါ။ တိုက်ရိုက် ဒီလို ကံနှင့်နာမ်နှင့် ဆက်တာမဟုတ်ပါ။ ရုပ်ကျတော့ ဇနကကံ၊ ဇနကရုပ် ခေါ်တယ်။ ဇနကဆိုတာ စက္ခုပသာဒ သည် ဇနကဝိပါကရုပ်၊ ဇနကဆိုတဲ့ စက္ခုပသာဒ၊ သောတပသာဒ၊ ကာယ ပသာဒ၊ ဇိဝှာပသာဒ၊ ဃာနပသာဒခေါ်သော အကြည်ရုပ်များဟာ ကံ စွမ်းအားကြောင့် ဖြစ်တာတွေပါ။ သူတို့ဟာ ကံစွမ်းအားကြောင့် ဖြစ်လို့ အလွန်ထက်မြက်တဲ့အလုပ်ကို လုပ်နိုင်တယ်။

မျက်စိက မြင်ကိစ္စကို ထောက်ပံ့နိုင်တယ်။ နားက ကြားကိစ္စကို ထောက်ပံ့နိုင်တယ်။ အဲဒီလို ထောက်ပံ့နိုင်လောက်အောင် အရှိန်ကောင်း တဲ့ ရုပ်တရားတွေ ဖြစ်တယ်။ သူတို့ကို ဝိပါကလို့ နာမ်မှာ သုံးသလို၊ ဝိ ပါကဝိညာဏ်လို့ မသုံးပါ။ ကမ္မဇရုပ်လို့ သုံးပါတယ်။ နာမ်လို တိုက်ရိုက် လုပ်လို့ မရပါ။ နာမ်ဖြစ်အောင် ကံက တိုက်ရိုက်လုပ်နိုင်တယ်။ 'ရုပ်ကျ တော့ အဆင့်ဆင့် အထောက်အပံ့ပေးမှုပါ။' ဒီတော့ ကမ္မဇရုပ်လို့ သုံးကြ တယ်။ ကမ္မဇရုပ်ဟာလည်းပဲ ကမ္မသတ္တိက ထောက်ပံ့လို့ ဒီရုပ်စွမ်းအား တွေ ထွက်ပေါ်လာတာ။ အဲဒီ ကမ္မဇရုပ်တွေဟာ အလွန်ထူးတယ်။

မျက်စိမှာရှိနေသာ စက္ခုပသာဒသည် မြင်ကိစ္စကိုဆောင်ရွက်ဖို့ အထောက်အပံ့ပေးနိုင်တယ်။ နားမှာရှိသော သောတပသာဒသည် 'ကြား' ကိစ္စကို ဆောင်ရွက်နိုင်တယ်။ အဲဒီအကြောင်းအရာကို သေသေချာချာ ဉာဏ်ကရောက်အောင် စဉ်းစား၊ လူတို့ထုတ်လုပ်တဲ့ စက်တွေဟာ ဟို အဝေးက ပြောနေတဲ့အသံကို အသံဖြစ်အောင် စက်ကလုပ်တာ။ ရေဒီယို မှာထွက်နေတဲ့ အသံတို့သည် အသံလွှင့်တဲ့ဌာနက လွှင့်လိုက်လို့ အသံ ထွက်တယ်။ အဲဒီလောက်အဝေးကြီးကို အသံဖြစ်အောင် ထွက်နိုင်တဲ့

စွမ်းအားရှိသော်လည်း အသံဟာ အသံပါပဲ။

အသံမှ အကြားသို့ဖြစ်အောင် လူတို့ပြုလုပ်ထားသော စက်က မလုပ်နိုင်ပါ။ အဆင်းက အမြင်ဖြစ်အောင် လူတို့ပညာနှင့် ပစ္စည်းနှင့် လုပ်လို့မရပါ။ ဒါကို ဉာဏ်ကရောက်အောင် ဆင်ခြင်သိနေရပါမယ်။

အသံက အကြားဖြစ်အောင်၊ အဆင်းက အမြင်ဖြစ်အောင်၊ ခန္ဓာက အတွေ့ဖြစ်အောင်၊ လျှာက အရသာဖြစ်အောင်၊ နှာခေါင်းက အနံ့ဖြစ်အောင် လုပ်ပေးနိုင်တဲ့ပစ္စည်းတွေကို 'ပသာဒရုပ်' ခေါ်တယ်။ ပသာဒရုပ်၊ အကြည်ရုပ်။ အကြည်ရုပ်လို့ လွယ်လွယ်ခေါ်နေတာ။ သူတို့ အလွန် အစွမ်းထက်ပါတယ်။ ကံစွမ်းအားက တည်ပေးလို့ မြင်ကိစ္စကိုပံ့ပိုးတယ်။ ကြားကိစ္စကို ပံ့ပိုးနိုင်တယ်။ ကံ၏ အထောက်အပံ့နှင့်နေတော့ ဒီရုပ်ပစ္စည်းတွေဟာ ကမ္မဇရုပ်တွေပါ။

ဒီ ကမ္မဇရုပ်ဆိုတာ ဘယ်လောက်ထိ သိမ်မွေ့သလဲ၊ နက်နဲသလဲ။ ဒီဟာကို သေသေချာချာ ဉာဏ်ကရောက်အောင် စဉ်းစားပါ။ မြင်ကိစ္စလို့ခေါ်တဲ့ 'စက္ခု'။ မျက်စိအကြည်ရုပ်မှာ ဖြစ်နေတဲ့စိတ်ကလေးကို စက္ခုဝိညာဏ်။ စက္ခုဝိညာဏ်လေးက ရူပါရုံကိုသိသောစိတ်ဖြစ်အောင် လုပ်နေတာပဲ။ အဲဒီ သိမှုဆိုသောကိစ္စ ပေါ်လာအောင် လုပ်ပေးနိုင်တဲ့ အဆောက်အအုံကြီး၊ အဖွဲ့ကြီးပါ။ အဲဒီ အဆောက်အအုံကြီး၊ အဖွဲ့ကြီး (အုပ်ချုပ်ရေးအဖွဲ့)က လုပ်ပေးနေတာ။ အသံလွှင့်တဲ့နေရာမှာ အသံလွှင့်ဖို့ အုပ်ချုပ်ရေးအဖွဲ့ ရှိတယ်။ အဲဒီ အုပ်ချုပ်ရေးအဖွဲ့က ပြည့်စုံအောင်လုပ်မှ အသံက Transmit လုပ်နိုင်တာပါ။

မြင်ကိစ္စမှာ မြင်အောင်လုပ်ပေးတဲ့ အုပ်ချုပ်ရေးအဖွဲ့၊ ဒါကို 'စက္ခု

ကြန္ဒြိယ’ ခေါ်ပါတယ်။ ကြန္ဒြိယ အုပ်ချုပ်ရေးအဖွဲ့။ စက္ခုကြန္ဒြိယ၊ ‘မြင်ကိစ္စကို အုပ်ချုပ်ပေးနေသောအဖွဲ့ကြီး ဖြစ်တယ်။

အဖွဲ့နှင့် အလုပ်လုပ်နေတယ်ဆိုတာ အခုခေတ်မှ သိတာပိုထင်ရှားလာပါတယ်။ စက္ခုပသာဒလေး အလုပ်လုပ်ရုံနှင့် မမြင်သေးပါ။ သူနဲ့တွဲဖက်နေတဲ့ စက္ခုအာရုံကြောများ အလုပ်လုပ်ဖို့အတွက် နောက်မှာရှိနေတဲ့ (စက္ခုကိစ္စ) မြင်ကိစ္စများကို ဆောင်ရွက်ပေးနေတဲ့ ဦးနှောက် "Occipital Lobe"။ အဲဒီ ဦးနှောက်က အလုပ်လုပ်နေတဲ့ Visual Centre၊ သူတို့တတွေဝိုင်းဝန်း၍ လျှပ်စစ်အားတွေနှင့်၊ ဓာတ်ကြောတွေနှင့် အလုပ်လုပ်နေတာကို ဉာဏ်က သိနေရပါမယ်။ အလုပ်လုပ်တာဟာ အလွန်လည်းပြည့်စုံတယ်။ အလွန်လည်း တိကျတယ်။ ဒါကြောင့် အလွန်လျင်မြန်စွာမြင်စိတ်ကို ထောက်ပံ့နိုင်ပါတယ်။

ဒီအဖွဲ့ကြီးတစ်ခုလုံးကို စက္ခုကြန္ဒြိယ၊ မြင်ကိစ္စကို ဆောင်ရွက်ပေးသောအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့။ ဒီအဖွဲ့ကြီးကို ကမ္မသတ္တိက ကိုင်ထားပါတယ်။ ကမ္မသတ္တိက နောက်က ထောက်ပံ့ပေးနေတာက စက္ခုကြန္ဒြိယဆိုတဲ့အဖွဲ့ကြီး တစ်ခုလုံးကို ထောက်ပံ့နေတာပါ။ သူ ထောက်ပံ့လို့ ဒီကိစ္စတွေက ဆောင်ရွက်နိုင်တာပါ။

ဒါကို အသေးစိတ် မြင်ကိစ္စအကြောင်းကို လေ့လာနိုင်သမျှ လေ့လာကြည့်လျှင် အလွန်အံ့ဩဖွယ်ကောင်းသော ရုပ်ပစ္စည်းတို့ အလွန်တိကျ ကောင်းမွန်စွာ အလုပ်လုပ်နေတဲ့သဘောကို မြင်ရပါတယ်။ အချိန်အားဖြင့်လည်း အလွန်လျင်မြန်တယ်။ ပစ္စည်းအားဖြင့်လည်း အလွန်သေးငယ်တယ်။ သိမ်မွေ့ပါတယ်။ သို့သော်လည်း သူတို့ တိကျမှန်ကန်

စွာ အလုပ်လုပ်ပေး၍ တိကျမှန်ကန်စွာ မြင်နေတာပါ။ ဒီလိုမြင်အောင် အုပ်ချုပ်ပေးတဲ့ အဖွဲ့ကြီးကို 'စက္ခုဣန္ဒြိယ'ခေါ်တယ်။ အဲဒီ စက္ခုဣန္ဒြေကို ကမ္ဘသတ္တိက ထောက်ပံ့ပေးနေတာပါ။ အဲဒီမှာ အဲဒီစက်တွေ အလွန်ကောင်းတယ်ဆိုတာကို သိနေရပါမယ်။

ဒီမျက်လုံးလေးကို ကြည့်၊ မျက်လုံးလေးက အလင်းစွမ်းအားကို ဖမ်းပေးတာ။ ပြီးတော့ ချက်ချင်း အလင်းစွမ်းအားက လျှပ်စစ်စွမ်းအားကို ပြောင်းပြီးတော့ Optical nerve ခေါ်တဲ့ စက္ခုအာရုံကြော၊ အဲဒီကမှတစ်ဆင့် ဦးနှောက်နောက်ဘက်မှာရှိတဲ့ Occipital Lobe ကို ပို့တယ်။ အဲဒီက တစ်ဆင့် Visual Cetre ကိုပို့ပေးတယ်။ အဲဒီ ပေးတဲ့အထဲမှာ Electrons ခေါ်တဲ့ လျှပ်စစ်ဓာတ်အားတွေ သွားနေတယ်။ အဲဒီ သွားနေတဲ့ Electrons တွေဟာ အဖက်ဖက်က သွားနေတာမဟုတ်ပါ။ သူ့ပုံစံနဲ့သူ သွားရတာပါ။ သွားတဲ့အခါ သူ Wave ဓာတ်လှိုင်းနှင့်သူ သွားနေတော့ Occipital Lobe က ဒီ data ခေါ်တဲ့ electrons receive လုပ်ရတယ်။ လက်ခံရတယ်။ ပြီးတော့ Transform into Setting စနစ်တကျ အစီအစဉ် ချပေးရတယ်။ ပြီးတော့မှ Visual Centre ပို့ရတယ်။ ဒီကမှ Visual Image ခေါ်တဲ့ ပုံရိပ်တွေ ထုတ်ပေးတာပါ။ Visual Image ရမှ မြင်ခြင်းကို ဖြစ်တာပါ။

ဒီ Rough Process အကြမ်းလုပ်ဆောင်မှုမှာ တစ်ခုကို နားလည်အောင်ကြည့်ပါ။ လူတွေမှာ အလွန်ကောင်းတဲ့ မျက်လုံးရှိနေတော့ မျက်လုံးကောင်းလို့ ကောင်းမှန်းကို သိပေမယ့်လို့ နောက်ကအလုပ်တွေ ဘယ်လောက် ကွာခြားတယ်ဆိုတာ ကြည့်ရပါမယ်။ ဒီမျက်စိက ပေးလိုက်တဲ့ Photo ပုံရိပ်က Electron ဖြစ်အောင် ပြောင်းပေးရတယ်။ Photon trans-

forms into electron အလင်းမှုန်လေးတွေက လျှပ်စစ်မြူမှုန်လေးတွေ ပြောင်းသွားတယ်။ ပြောင်းပြီး သူ့လိုင်းနှင့် သူ့အဖွဲ့နှင့်သူ သွားတာ။ သွားတဲ့နေရာမှာ Frequency ဆိုတဲ့ အကြိမ်နှုန်းရှိတယ်။ အဲဒီမှာ Optical Nerve ကနေ ပို့ပေးတဲ့ Electron တွေဟာ Occipital Lobe ကို ရောက်တဲ့အခါ Frequency အကြိမ်နှုန်း မှန်မှပါ။

Frequency မှန်-မမှန်ဆိုတဲ့ ဖြစ်နှုန်းကို သေသေချာချာ လေ့လာကြည့်ပါ။ ကိုယ်ကိုယ်တိုင် လမ်းမကြီးကို ဟိုဘက်ဒီဘက် ဖြတ်တော့မယ်ဆိုရင် ဝဲယာကို ကြည့်ရတယ်။ ကြည့်တော့ မော်တော်ကားကို တွေ့တယ်။ မော်တော်ကားလာနေတဲ့ အကွာအဝေးနှင့် ကားလာတဲ့နှုန်းနှင့် မိမိဖြတ်တဲ့နှုံးနှင့် ကိုက်တယ်-မကိုက်ဘူး၊ မြန်တယ်-မမြန်ဘူးဆိုတာကို ကိုယ်ကိုယ်တိုင် တွက်နိုင်တယ်။ လာနေတဲ့ မော်တော်ကား၏ အရိပ်တွေက တစ်ခုပြီးတစ်ခု ပို့တဲ့နေရာမှာ Speed အရှိန်ပါတယ်။ အဲဒါ အရိပ်ကလေးတွေရဲ့ ပုံဖော်မှုဟာ Frequency အကြိမ်နှုန်းမှန်လို့ ဖြစ်တာပါ။

Frequency အကြိမ်နှုန်း မမှန်တဲ့လူ ရှိတယ်။ မော်တော်ကားကြီးလည်း လာမှန်းလည်း သိတယ်။ ဒါပေမယ့် Speed ဆိုတဲ့အရှိန်ကို မမှန်းနိုင်ဘူး။ ဘာလို့လဲဆိုတော့ Frequency အကြိမ်နှုန်းက မှားနေလို့ပါ။ မော်တော်ကားကြီး သူ့ဆီ ဘယ်အချိန်ရောက်လာမလဲလို့ စိတ်ကမမှန်းနိုင်ဘူး။ မသိဘူး။ မသိတော့ ကောင်းတဲ့လူက တွဲပြီးခေါ်မှ သူ ဟိုဘက်လမ်းကို ကူးရဲတယ်။ မျက်စိမမြင်လို့ မဟုတ်ပါ။ မြင်ပါတယ်။ ဒါပေမယ့် Frequency အကြိမ်နှုန်းမမှန်လို့ လာတဲ့ Speed အရှိန်ကို မတွက်နိုင်တော့ပါ။ ဒါဟာ စကျွကြန္ဒြိယရဲ့ ချို့ယွင်းသွားတာကို ဖော်ပြတာပါ။

ဒီသဘောကိုမြင်မှ စက္ခုက္ကန္ဒြိယဆိုတဲ့ အုပ်ချုပ်ရေးအဖွဲ့ရဲ့ ဆောင်ရွက်ပုံနှင့် ကမ္မဇရုပ်တွေ အလုပ်လုပ်ပုံ ဘယ်လောက်သိမ်မွေ့တယ်ဆိုတာ (ဒီအချက်ကိုမြင်မှ၊ ချို့ယွင်းမှုကိုမြင်မှ) ဉာဏ်နှင့်ထောက်၍ သိနိုင်ပါတယ်။ ဒီအဖြစ်မျိုးတွေလည်း လူတွေ မသိကြပါ။

ဒါက သေသေချာချာ သုတေသနလုပ်ထားတဲ့ ပုဂ္ဂိုလ်တွေက ထုတ်ဖော်ပြောမှ Frequency ဟာ အလွန်အရေးကြီးတယ်ဆိုတာ သိရတာပါ။ ဒါဟာ ကမ္မဇရုပ်ရဲ့ သဘောတွေကိုပြောတာပါ။ စက္ခုန္ဒြေကို အုပ်ချုပ်နေတဲ့ ကမ္မဇရုပ် အားနည်းသွားတာပါ။ ဒီကျတော့မှ ကံ၏အထောက်အပံ့ဆိုတာ အဲဒီလောက် သိမ်မွေ့ပါတယ်ဆိုတာ ဉာဏ်ကရောက်ရပါတယ်။ ကံက ရုပ်တရားများကိုလည်း ထောက်ပံ့တယ်။ ပြီးတော့ နာမ်တရားများကိုလည်း ထောက်ပံ့တယ်။ အဲဒါ တိုက်ရိုက် ဇနကကံက ထောက်ပံ့နေတာပါ။

ဒီအပြင် အခြားအခြားနည်းနှင့် ထောက်ပံ့နေတာ ရှိပါတယ်။ ဒါတွေဟာ အလွန်အရေးကြီးတဲ့ အချက်တွေပါ။ ဒီခန္ဓာငါးပါး ရထားတော့ စားဝတ်နေရေး ပြေလည်ဖို့အတွက် ထောက်ပံ့သော ကံတွေလည်း ရှိပါသေးတယ်။ ဒါကတော့ ပြင်ပပစ္စည်းများ ပြည့်စုံအောင် ဆောင်ရွက်ပေးတာပါ။ ဒါကို 'ဥပတ္ထမ္ဘကကံ'လို့ ခေါ်ပါတယ်။ ဥပတ္ထမ္ဘကကံ အနည်းအများလိုက်၍ ပစ္စည်းများခြင်း၊ ပစ္စည်းနည်းခြင်း ဖြစ်ပါတယ်။

သို့သော် အဓိက မြင်ခြင်း ကြားခြင်းလုပ်ပေးတဲ့ ကံက ချို့ယွင်းလာရင် မျက်စိမမြင်လျှင် ဘာမှမတတ်နိုင်ပါ။ နားမကြားလျှင်လည်း မတတ်နိုင်ပါ။ ဒီမျက်စိမမြင်၊ နားမကြားဆိုတဲ့ကိစ္စဟာ စက္ခုပသာဒ၊

သောတပသာဒတို့ အလုပ်လုပ်တာ ပြည့်စုံအောင် စဉ်ဆက်မပြတ် လုပ်ပေးနေတာကြောင့်ပါ။ ဇနကကံစွမ်းအားတွေ ထောက်ပံ့နေတာပါ။ ဒီသဘော ဒီသဘာဝကိုသိမှ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်တာပါ။ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတာ နယ်နယ်ရရမဟုတ်ပါ။ ဒီလို ကံ၏အထောက်အပံ့ပေးနေတာကိုမြင်မှ နာမ်ခန္ဓာကိုလည်း ထောက်ပံ့တယ်။ ပသာဒရုပ်များကိုလည်းထောက်ပံ့တယ်။ ဒါတင်မက ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်လာသောရုပ်ပစ္စည်းတို့ ပေါမှု-များမှုကိုလည်း ထောက်ပံ့ပါတယ်။ အဲဒီကံကို ဉပတ္ထမ္ဘကကံလို့ ခေါ်တယ်။

ထောက်ပံ့တာက အထောက်အပံ့ပဲ။ ဆုတ်ယုတ်အောင်လုပ်တဲ့ကံလည်း ရှိသေးတယ်။ သူ့ကိုတော့ 'ဉပပီဠကကံ'လို့ ခေါ်တယ်။ အဲဒီကံစွမ်းအားတွေ အလုပ်လုပ်နေတဲ့သဘောကို မိမိတို့ဉာဏ်က စဉ်းစားတတ်၊ ဆင်ခြင်တတ်မှ ကမ္မသတ္တိအစွမ်းကို သိတာပါ။ သိနားလည်လာမှ ဒီကံတွေကို ဖြစ်အောင်လုပ်ပေးနေတဲ့ ကာယကံ ဝစီကံ မနောကံ။ ဖြည့်တင်းပေးနေတာ 'ကာယကံ ဝစီကံ မနောကံ'။ အသုံးပြုနေတာက 'ဇနကကံ'၊ 'ဉပတ္ထမ္ဘကကံ'။ ဒါတွေကို မြင်လာတဲ့အခါ ဉပတ္ထမ္ဘကကံမျိုးကို ဖြစ်အောင်လုပ်ပေးနေတဲ့ ကံမျိုးကို 'ကုသလကမ္မ'ခေါ်တယ်။ ဆုတ်ယုတ်အောင်လုပ်ပေးနေတဲ့ ကံကို 'အကုသလကမ္မ' ခေါ်တယ်။ ဆုတ်ယုတ်အောင်လုပ်ပေးတဲ့ကံကို အကုသလကမ္မ၊ တိုးတက်အောင်လုပ်ပေးတဲ့ကံကို ကုသလကမ္မပါ။ အဲဒီလိုမြင်လာမှ ကုသလ၏သဘော၊ အကုသလ၏သဘောကို သိလာတာပါ။ အဲဒီ ကုသလ-အကုသလတို့၏ ဖြစ်မှုသဘောက ကာယကံ ဝစီကံ မနောကံတို့ပေါ်မှာ မူတည်နေပါတယ်။

ကာယကံ ဝစီကံ မနောကံတို့ကို လုပ်ပေးနေတာက စေတနာ စေတသိက်ဖြစ်ပါတယ်။ အဲဒီ စေတနာကို ထပ်၍ ပူးပေါင်းပြီးလုပ်တဲ့ ကမ္မထဲမှာပါတဲ့ အကုသလတွေက လောဘစွမ်းအား၊ ဒေါသစွမ်းအား၊ မောဟစွမ်းအားဆိုတာကို သိရပါမယ်။ အဲဒီ စွမ်းအားတွေနဲ့ လုပ်လိုက်တော့ အကုသလတွေ ဖြစ်တယ်။ အကုသလတွေဖြစ်တော့ အကုသလ ဝိပါကတွေ ဖြစ်တယ်။ အဲဒီမှာ မျက်စိရှိပေမယ့် ကောင်းကောင်းမမြင်ရဘူး။ နားရှိပေမယ့် ကောင်းကောင်းမကြားရဘူး။ အဲဒါတွေဟာ အကုသလကမ္မ၏ ဝိပါကတွေပါ။

ဒါကြောင့် အကုသလမဖြစ်ဖို့ 'ရှောင်'ရမယ်။ ကာယကံ ဝစီကံ မနောကံတွေကို ထိန်းသိမ်းရမယ်။ ကုသလကမ္မဖြစ်အောင် အလောဘ၊ အဒေါသ၊ အမောဟ၊ သဒ္ဓါ၊ သတိ၊ ဝီရိယအားတွေနဲ့ အလုပ်လုပ်မှ ကုသလကမ္မတွေ ဖြစ်ပါတယ်။ အဲဒီလို ပိုင်းပိုင်းခြားခြား ကမ္မ၏အကြောင်းကို စဉ်းစားတတ်လျှင် 'ကမ္မဿကတာသမ္မာဒိဋ္ဌိ'ဖြစ်ပါတယ်။ အဲဒီတော့ သမ္မာဒိဋ္ဌိဆိုတဲ့အချက်မှာ ဒီမှာတင်ကို ပြေပြေလည်လည်နဲ့ ကျယ်ကျယ်ဝန်းဝန်းစဉ်းစားတတ်ဖို့ ဘုရားရှင်က ရှင်းပြတာပါ။ ဒါ အလွန် ကျဉ်းမြောင်းတဲ့ နည်းလေးနဲ့ ပြတာပါ။ အလွန်ကျယ်ဝန်းသော ကံစွမ်းအားကို ဘုရားရှင်နှင့်တကွ ဒီပညာရပ်များကို လေ့လာတဲ့ပုဂ္ဂိုလ်ကြီးတွေမှ သိတာပါ။

ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းဟာ ဘယ်လောက် ကံကောင်းလဲဆိုတော့ ဒီပညာများကိုသင်ရမှ ကံကောင်းမှန်းသိတာပါ။ ဒီပညာများကို မသင်ရရင် ကံမကောင်းဘူး၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတဲ့ အဆင့်ကို ရဖို့ အလွန်ခက်ပါတယ်။ ဒါတွေကို သိလာပြီဆိုရင် ကောင်းကံကိုလည်း

ဒီ ကာယကံ ဝစီကံ မနောကံက လုပ်ပါတယ်။ မကောင်းကံတွေကိုလည်း ဒီကာယကံ ဝစီကံ မနောကံက လုပ်ပါတယ်။ ဒီကံ၏ စွမ်းအားကြောင့် ဖြစ်တဲ့ ကမ္မဝိပါကတွေကိုလည်း အလုံးစုံ ခံစားနေရပါတယ်။ ဒါကြောင့် ဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်ပညာကိုရရင် ဒါဟာ အမြင်မှန် အယူမှန်ရတာ ဖြစ်ပါတယ်။ အမြင်မှန် အယူမှန်ကို ရလို့ရှိလျှင် 'အကုသိုလ်'ကို ရှောင်ပါ။ အကုသိုလ် မဖြစ်သေးတာကို မဖြစ်စေနဲ့။ ဖြစ်ပြီးသားကို လျှော့ပါးအောင် လုပ်ပါ။ ကုသိုလ်မဖြစ်သေးတာကို ဖြစ်အောင် လုပ်ပါ။ ဖြစ်ပြီးသားကုသိုလ်များ တိုးပွားအောင်လုပ်ပါ။ ဒါဟာ ဘုရားရှင်၏ အဆုံးမဖြစ်ပါတယ်။

ဘုရားရှင် အဆုံးအမကို လိုက်နာပြီးတော့ ဘဝမှာ အကျိုးအရှိဆုံး ကောင်းသောကံများ စုဝေးနိုင်အောင် ကြိုးစားအားထုတ်ကြပါစို့။

သာဓု၊ သာဓု၊ သာဓု။